# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပပြုလုပ်

# ရေဆင်းဆည်အတွင်းသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ၁၀ ကြိမ်နှင့် ယခုအကြိမ်အပါအဝင် ၁၁ ကြိမ်တွင် စုစုပေါင်း ငါးမျိုးကောင်ရေ ၈၈၅၇၀၀ ကို ငါးမျိုးများစိုက်ထည့်ပေးနိုင်

နေပြည်တော် ဇူလိုင် ၁၂

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းဆည်အတွင်း ငါးသယံဇာတများ တိုးပွားစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) မိသားစုများက ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ငါးမျိုးများအားဦးဆောင်စိုက်ထည့်ပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများအား ဦးဆောင်စိုက်ထည့်ပေးစဉ်။


**ယနေ့ ဖတ် စ ရာ**

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့ — ဆောင်းပါး — စာ ၆

ကမ္ဘာမြေကြီး ကျန်းမာဖို့ သစ်ပင် စိုက်ပျိုးကြပါစို့ — ဆောင်းပါး — စာ ၁၀

တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော — ပြည်တွင်းသတင်း — စာ ၁၅

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရေဆင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ရေဆင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများအား ဦးဆောင်စိုက်ထည့်ပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများက ငါးမျိုးများကို ရေဆင်းဆည်အတွင်း စိုက်ထည့်ပေးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊စစ်သည် မိသားစုများ၏ ငါးမျိုးစိုက်ထည့်ပေးနေမှုအား လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားတွင် နှစ်လက်မအရွယ် ရွှေဝါငါးကြင်း ကောင်ရေ ၅၀၀၀၊ ငါးမြစ်ချင်း ကောင်ရေ ၄၅၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ ကို စိုက်ထည့်ပေးနိုင်ခဲ့ပြီး ရေဆင်းဆည်အတွင်းသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ၁၀ ကြိမ်နှင့် ယခုအကြိမ် အပါအဝင် ၁၁ ကြိမ်တွင် စုစုပေါင်း ငါးမျိုးကောင်ရေ ၈၈၅၇၀၀ ကို ငါးမျိုးများ စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများက ငါးမျိုးများကို ရေဆင်းဆည်အတွင်း စိုက်ထည့်ပေးကြစဉ်။

# ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားများ ကျင်းပ

## လျှိုပိတ်ဆည်နှင့်ကန်များ၌ ငါးသားပေါက်ကောင်ရေ ၁၈၀၀၀ ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇူလိုင် ၁၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားများကို နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်နေရာအသီးသီး၌ ယနေ့ကျင်းပသည်။**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိ မြို့နယ် ပျဉ်းမနား - တောင်ညိုလမ်းဘေး ရှိ မင်္ဂလာကန်အမှတ်(၁)၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုး နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးတာဝန်ရှိသူ များနှင့် ဝန်ထမ်းမိသားစုဝင်များ တက် ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို က မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုး စိုက်ထည့်ပေးပြီး ဆက်လက်၍ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ နှင့်ဝန်ထမ်းများက ငါးမြစ်ချင်း ကောင်ရေ ၃၀၀၀ ကို မင်္ဂလာကန်အတွင်းသို့ စိုက် ထည့်ပေးသည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီကာလ ငါးသားပေါက် များ မျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်ဦးက ဦးဆောင်၍ ဒုတိယညွှန် ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးကြင်းသားပေါက်ကောင် ရေ၂၀၀၀ အား နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉)ရှိ လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် - ၃ ရှိ လျှိုပိတ်ဆည်၌ကျင်းပသည့် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေ ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်း ဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက် ကြပြီး ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၃၀၀၀ နှင့် ထိုင်းငါးခုံမ ငါးသားပေါက်ကောင်ရေ၂၀၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀ ငါးမျိုးစိုက်ထည့် ကြသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးစိုက်ထည့်ပေးစဉ်။

အလားတူ နေပြည်တော် ကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ်(၄) ပရဝဏ်တွင် ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန မိသားစု ၂၀၂၅ခုနှစ် မိုးရာသီငါးမျိုးစိုက် ထည့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီး ဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး နှင့် ဇနီးတို့က ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ လျှိုပိတ်ဆည်အတွင်းသို့ ဦးစွာစိုက်ထည့်ပေးကာ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာ ထမ်း၊ အမှုထမ်းများက ငါးလုပ်ငန်းဦးစီး ဌာနမှ ပံ့ပိုးသောငါးသားပေါက် ကောင်ရေ ၂၀၀၀ ကို စိုက်ထည့်ပေးသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဇနီး ကျန်းမာရေးဝန်ကြီးဌာနမိသားစု ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားတွင် ငါးမျိုးစိုက်ထည့်ပေးစဉ်။

ထို့အတူ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပရဝဏ်အတွင်းရှိ အမှတ် (၁) ရေကန်၌ ကျင်းပသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်ဦးဇင်မင်းထက်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်များက ငါးမြစ်ချင်းသားပေါက်၊ ငါးကြင်းရွှေဝါသားပေါက်နှင့် ထိုင်းငါးခုံမ သားပေါက်များကို စိုက်ထည့်ကြပြီး အရာထမ်း၊ အမှုထမ်းများက ငါးသား ပေါက်မျိုးစိတ်များကို ဆက်လက် စိုက် ထည့်ခဲ့ကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနအနေဖြင့် ယခုနှစ်တွင်လည်း ငါးမြစ် ချင်းသားပေါက် ကောင်ရေ ၁၀၀၀၊ ငါးကြင်းရွှေဝါသားပေါက် ကောင်ရေ ၁၀၀၀၊ ထိုင်းငါးခုံမသားပေါက်ကောင် ရေ ၁၀၀၀ နှင့် ငါးမျိုးအစုံကောင်ရေ ၂၀၀၀၊ စုစုပေါင်း ငါးသားပေါက်ကောင် ရေ ၅၀၀၀ ခန့်ကို စိုက်ထည့်ခဲ့ကြသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန လျှိုပိတ်ဆည်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲအခမ်း အနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပြည်ထောင်စု ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများက ငါးမြစ်ချင်း၊ ငါးခုံမသားပေါက်များကို ဝန်ကြီးဌာန လျှိုပိတ်ဆည်အတွင်း သို့ ဦးစွာ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကာ ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်း မိသားစုများက ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ပံ့သည့် ငါးမြစ်ချင်း၊ ငါးခုံမ သားပေါက်ကောင်ရေ ၁၀၀၀ ကို ဝန်ကြီး ဌာန လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုး စိုက်ထည့်ပေးခဲ့ကြသည်။

ယနေ့တွင် ဝန်ကြီးဌာနများ အလိုက် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၈၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ နိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၉၈ ရက်မြောက်အဖြစ် ဈေးကား များဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

**သက်သာသောဈေးနှုန်းဖြင့် ဆက်လက်ရောင်းချမည်**

ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်း များနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) တစ်အိတ်၊ စားအုန်း ဆီ ၇၅ ပိဿာ၊ ဆား သုံးပိဿာ၊ ကုလားပဲ ၁၁ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥ ၂၅ လုံး၊ ကြက်သွန်နီ ငါးပိဿာနှင့် အသားတုတစ်ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ ပေးခဲ့ပြီး မန္တလေးမြို့တွင်လည်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူ များသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၀ အိတ်၊ စားအုန်းဆီ ပိဿာ ၁၁၀၀၊ ဆား သုံးပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပိ တစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား ရှစ်ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သား ၁၀ ထုပ်၊ ကြက်ဥ ၇၄၂ လုံး၊ ဘဲဥ ၂၄၅ လုံးနှင့် ခေါက်ဆွဲခြောက် ၅၅ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ ပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၂**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ(အင်နိုပရွန်) သို့ တက်ရောက်ခဲ့သည်။

ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယယ်လ်ဆင်ပြခန်းအား လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ဆဗျဲလော့ဗ်ပြည်နယ်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး အန်သွန်အလီ ဟာနေ့ဗ်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

**စက်မှုကုန်စည်ပြပွဲတက်ရောက်**

ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် (၁၅)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင်(၁၅)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၏ စက်မှုဆိုင်ရာနည်းပညာပြခန်းများအား လှည့်လည်ကြည့်ရှုပြီး ဆဗျဲလော့ဗ်ဒေသ၊ ပိုလက်ဗ်စကွဲယ်မြို့ရှိ ဆဲဗျဲစကီးသံမဏိပိုက် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ စက်ရုံပြတိုက်နှင့် စက်ရုံအတွင်းသံမဏိပိုက်များ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ရာ စက်ရုံမှူး၊ ပိုလက်ဗ်စကွဲယ်မြို့အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် စက်ရုံအင်ဂျင်နီယာချုပ် ဦးဆောင်သည့် စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ဇူလိုင် ၁၀ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၅) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲကျင်းပသည့် ယီကာကျီရင်ဘတ်မြို့မှ ပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ နာရီတွင် မော်စကိုမြို့သို့ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ Tyazhpromexport (TPE) ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ MISIS မှ နည်းပညာဆိုင်ရာ ထောက်ပံ့ပေးနိုင်ရေးအတွက် နှစ်ဖက်သဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီး အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိလေသန့်စင်အလုပ်ရုံ၌ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ သံရည်ကျို အလုပ်ရုံ (Melt Shop) လည်ပတ်နိုင်ရေးအတွက် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၁၁ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၂**
အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများမှ အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလှူရှင်များဖြစ်သည့်မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းရသည့် ရည်ရွယ်ချက်များကို လည်းကောင်း အပြန်အလှန် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက်လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်း စားနပ်ရိက္ခာများဖြစ်သည့် ဆန်ကီလိုဂရမ် ၁၀၀၀၀ နှင့် အသင့်စားခေါက်ဆွဲထုပ် အရေအတွက် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပသည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များ စခန်းချတွေ့ဆုံပွဲ (၂၀၂၅) သို့ မြန်မာလူငယ်အဖွဲ့ တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၂**
ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ (Fukuoka) အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian-Pacific Children's Convention - APCC) က ဦးစီး၍ ဖူကူအိုကာမြို့တွင် ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၃၇) နှစ်မြောက် နွေရာသီ အပြည်ပြည်ဆိုင်ရာ လူငယ်များ စခန်းချတွေ့ဆုံပွဲ (BRIDGE Summer Camp-2025) သို့ Junior Ambassador များအဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းမှ ဦးစီးရွေးချယ်လေ့ကျင့်ပေးထားသည့် အခြေခံပညာ ကျောင်းသားကျောင်းသူ ခြောက်ဦးဖြစ်သော မောင်အောင်ဘုန်းမြတ်သာ (အထက-၁၊ ဒဂုံ)၊ မောင်ကြည်စိုးဟန် (အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းမော်ကွန်း (အထက-၂၊ ကမာရွတ်)၊ မခိုင်ဝတ်ရည်မင်း (အထက-၂၊ မင်္ဂလာဒုံ)၊ မကြည်ဖြူချမ်းလင်း (အထက-၂၊ မင်္ဂလာဒုံ)၊ ဖြိုးမွန်မွန်မြင့် (လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)၊ ကမာရွတ်) တို့အား မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (MJA) မှ အတွင်းရေးမှူးဖြစ်သူ ဒေါက်တာဌေးလွင်က အုပ်ချုပ်သူအဖြစ် ဦးစီးလိုက်ပါ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယမန်နေ့ ညနေပိုင်းတွင် ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာပြီး စခန်းချကာလအတွင်း အခြားအာရှ-ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ ကျောင်းသားလူငယ်များ ၁၉၀၊ အုပ်ချုပ်သူ ၄၂ ဦးတို့နှင့်အတူ စခန်းချနေထိုင်တွေ့ဆုံခြင်း၊ ဂျပန်ကျောင်းများသို့ သွားရောက်လေ့လာခြင်းနှင့် ဂျပန်ကျောင်းသား ကျောင်းသူများ၏ နေအိမ်တွင် တစ်ဦးချင်း Homestay နေထိုင်ခြင်းနှင့် အိမ်ရှင်ကလေးများနှင့်အတူ ကျောင်းသို့လိုက်ပါတက်ရောက်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။



စခန်းချကာလအတွင်း ပါဝင်တက်ရောက်ကြသည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများ၏ ယဉ်ကျေးမှုပွဲတော် အစီအစဉ်ဖြစ်သော "We are the BRIDGE Festival - 2025" ကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံချင်းအလိုက် ကပြဖျော်ဖြေကြရမည်ဖြစ်ပြီး မြန်မာကျောင်းသား လူငယ်အဖွဲ့သည် "နွေဦးကဗျာ" သင်္ကြန်သီချင်းဖြင့် ပါဝင်ကပြ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ် မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**
ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ ထို့ပြင် ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မုံရွာမြို့နယ်နှင့် မဒေါက်မြို့အတွင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

မောင်မှုဒိတာ

**ဇူလိုင်လ ၁၁ ရက်နေ့သည် ကမ္ဘာ့လူဦးရေနေ့ဖြစ်သည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့လူဦးရေသန်းငါးထောင်ပြည့်မြောက်ခဲ့သလို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများ၊ လူသားအားလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မိပြီး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်မြောက်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။ နှစ်စဉ်ကျင်းပသည့် အခမ်းအနားများကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၏ အခြေအနေအကြောင်းကြောင်းပေါ်မူတည်၍ အလေးပေးဖြေရှင်းဆောင်ရွက်သင့်သည့်အချက်များကို မီးမောင်းထိုးပြသည့် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို သတ်မှတ်ကျင်းပခဲ့ကြပါသည်။

မိမိတို့နိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၃၆)ကြိမ်မြောက် အခမ်းအနား ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ ကျင်းပရာတွင်လည်း နှစ်အလိုက် ကုလသမဂ္ဂက ချမှတ်ထားသည့် လူဦးရေဆိုင်ရာဆောင်ပုဒ်များကိုအခြေခံပြီး မိမိတို့နိုင်ငံ၏ လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍများကို ထိရောက်စွာထင်ဟပ်ဆောင်ရွက်နိုင်မည့် ဆောင်ပုဒ်များ သတ်မှတ်ကာ အလေးထားကျင်းပခဲ့ခြင်းဖြစ်ပါသည်။

### သန်းခေါင်စာရင်း အချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုကာ သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာ ကောက်ယူဆောင်ရွက်ခဲ့

မိမိတို့နိုင်ငံအတွက် ယခု ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်အဖြစ် **"လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့"** ဟု သတ်မှတ်ခဲ့ပါသည်။ ဤဆောင်ပုဒ်သည် သန်းခေါင်စာရင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုကာ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရန် တိုက်တွန်းချက်တစ်ရပ်ပင်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကို အောင်မြင်စွာကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်သလို ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မကြာမတင်ကာလတွင် သန်းခေါင်စာရင်းပင်မအစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းနေချိန်လည်းဖြစ်ပါသည်။

ဤနေရာမှာ အလျဉ်းသင့်၍တင်ပြရလျှင် သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကြောင်းအရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မေးမြန်းကောက်ယူခြင်းမှရရှိသည့် စာရင်းအချက်အလက်များဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မလွဲမသွေဆောင်ရွက်ကြရပါသည်။ သို့သော် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သလောက် ငွေကုန်ကြေးကျများပြားသည့်အတွက် နိုင်ငံအများစုက ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူခဲ့ကြပါသည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် လူဦးရေ စုစုပေါင်းကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိနေသူများ၏ အသက်အပိုင်းအခြားအလိုက် ပညာအရည်အချင်း၊ အလုပ်အကိုင်စသည့် လူတစ်ဦးချင်းစီနှင့်ပတ်သက်သည့် အကြောင်းအရာများသာမက အိမ်အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းဖြစ်သည့်အတွက် လူမှုစီးပွားဆိုင်ရာကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့် အချက်အလက်များစွာ စုစည်းရရှိခြင်းပင်ဖြစ်ပါသည်။

### သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ပြသနေသည့်အတွက် နိုင်ငံ၏ကြေးမုံပြင်ဟု တင်စားနိုင်

ထို့ကြောင့် သန်းခေါင်စာရင်းဆိုင်ရာ လူဦးရေစာရင်းဇယားကိန်းဂဏန်းအချက်အလက်များကို အခြေခံအသုံးပြုပြီး နိုင်ငံ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲချမှတ်ခြင်း၊ နိုင်ငံ၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေရေးယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သန်းခေါင်စာရင်းအချက်အလက်များသည် ယင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဤသို့ဤနှယ် ထင်ဟပ်ပြသနေသည့်အတွက် နိုင်ငံ၏ကြေးမုံပြင်ဟု တင်စားနိုင်သလို သန်းခေါင်စာရင်းက ညွှန်းဆိုပြသသည့် နိုင်ငံ့ပုံရိပ်ဟုဆိုချင်ပါသည်။

မိမိတို့နိုင်ငံတွင်လည်း သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို ရှေးယခင်အစဉ်အဆက် ကောက်ယူခဲ့ကြပြီး ရရှိလာသည့် စာရင်းဇယားများကို အခြေခံကာ နိုင်ငံတော်အတွက် လိုအပ်သည့် စီမံကိန်းများချမှတ်ရာ၌ အသုံးပြုခဲ့ကြကြောင်းလည်း သိရှိခဲ့ရပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုနှင့်တစ်ခုအကြား နှစ်ကာလရှည်ကြာစွာ ကွာဟခဲ့သည်လည်းရှိသလို များသောအားဖြင့် ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့ပြီး နောက်ပိုင်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခဲ့ကာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သန်းခေါင်စာရင်းအချက်အလက်များကို ကမ္ဘာသိထုတ်ပြန်နိုင်ခဲ့ပါသည်။

ကောက်ယူခဲ့သည့်ကာလမှစ၍ ကြားကာလများကိုလည်း လူဦးရေဆိုင်ရာပညာဖြင့် လူဦးရေခန့်မှန်းထုတ်ပြန်ခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ကြရပါသည်။ သို့မှသာ ယင်းကာလများအတွင်း နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒများ၊ စီမံကိန်းများရေးဆွဲနိုင်ရေးအတွက် အခြေခံအသုံးပြုမည့် လူဦးရေစာရင်းကို အနီးစပ်ဆုံးမှန်မှန်ကန်ကန်ရရှိနိုင်မည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိပါသည်။ ၂၀၁၄ ခုနှစ် ကောက်ယူပြီးနောက် ဆယ်နှစ်အကြာ ၂၀၂၄ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါသည်။

**ဇယား (၁) တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု**

| တိုင်းဒေသကြီး/ပြည်နယ် | စာရင်းကောက်ယူရရှိသောလူဦးရေ ပေါင်း | ကျား | မ | ကျား/မ အချိုး | မကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေ | စုစုပေါင်း လူဦးရေ | လူဦးရေအချိုး (%) |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၃၂,၁၉၁,၄၀၇ | ၁၅,၁၀၅,၂၁၅ | ၁၇,၀၈၆,၁၉၂ | ၈၈ | ၁၉,၁၂၅,၃၄၉ | ၅၁,၃၁၆,၇၅၆ | ၁၀၀ |
| ကချင် | ၇၇၅,၂၇၃ | ၃၆၈,၇၅၇ | ၄၀၆,၅၁၆ | ၉၁ | ၁,၄၂၂,၀၁၀ | ၂,၁၉၇,၂၈၃ | ၄.၃ |
| ကယား | ၃၈,၂၄၀ | ၂၀,၈၂၂ | ၁၇,၄၁၈ | ၁၂၀ | ၂၅၈,၆၆၃ | ၂၉၆,၉၀၃ | ၀.၆ |
| ကရင် | ၇၇၂,၆၀၉ | ၃၆၈,၉၂၆ | ၄၀၃,၆၈၃ | ၉၁ | ၇၁၈,၃၅၆ | ၁,၄၉၀,၉၆၅ | ၂.၉ |
| ချင်း | ၂၉,၂၃၄ | ၁၄,၄၈၃ | ၁၄,၇၅၁ | ၉၈ | ၃၄၃,၇၉၀ | ၃၇၃,၀၂၄ | ၀.၇ |
| စစ်ကိုင်း | ၈၀၂,၃၄၄ | ၃၇၃,၆၇၂ | ၄၂၈,၆၇၂ | ၈၇ | ၅,၂၁၃,၂၄၆ | ၆,၀၁၅,၅၉၀ | ၁၁.၇ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၃၇၁,၈၉၈ | ၄၀၁,၃၅၁ | ၉၃ | ၆၀၇,၃၁၈ | ၁,၃၈၀,၅၆၇ | ၂.၇ |
| ပဲခူး | ၃,၈၈၀,၁၈၄ | ၁,၈၀၈,၆၀၂ | ၂,၀၇၁,၅၈၂ | ၈၇ | ၅၇၂,၅၂၇ | ၄,၄၅၂,၇၁၁ | ၈.၇ |
| မကွေး | ၂,၀၃၂,၀၄၂ | ၉၂၄,၃၁၄ | ၁,၁၀၇,၇၂၈ | ၈၃ | ၂,၀၄၆,၄၆၂ | ၄,၀၇၈,၅၀၄ | ၇.၉ |
| မန္တလေး | ၄,၄၆၅,၅၉၈ | ၂,၀၇၈,၆၃၅ | ၂,၃၈၆,၉၆၃ | ၈၇ | ၁,၈၁၈,၀၆၅ | ၆,၂၈၃,၆၆၃ | ၁၂.၂ |
| မွန် | ၁,၂၈၆,၀၇၃ | ၅၇၀,၈၆၂ | ၆၉၅,၂၁၁ | ၈၅ | ၄၃၁,၀၉၃ | ၁,၇၁၇,၁၆၆ | ၃.၃ |
| ရခိုင် | ၃၄၅,၄၃၁ | ၁၆၈,၆၀၃ | ၁၇၆,၈၂၈ | ၉၅ | ၂,၁၂၀,၉၅၄ | ၂,၄၆၆,၃၈၅ | ၄.၈ |
| ရန်ကုန် | ၇,၃၇၀,၀၁၀ | ၃,၃၉၆,၇၅၅ | ၃,၉၇၃,၂၅၅ | ၈၅ | - | ၇,၃၇၀,၀၁၀ | ၁၄.၄ |
| ရှမ်း | ၂,၉၄၄,၅၁၅ | ၁,၄၄၂,၉၁၉ | ၁,၅၀၁,၅၉၆ | ၉၆ | ၃,၅၇၂,၈၆၂ | ၆,၅၁၇,၃၇၇ | ၁၂.၇ |
| ဧရာဝတီ | ၅,၅၄၆,၂၈၀ | ၂,၆၄၉,၂၇၀ | ၂,၈၉၇,၀၁၀ | ၉၁ | - | ၅,၅၄၆,၂၈၀ | ၁၀.၈ |
| နေပြည်တော် | ၁,၁၂၉,၄၄၄ | ၅၂၆,၆၉၇ | ၆၀၂,၇၄၇ | ၈၇ | - | ၁,၁၂၉,၄၄၄ | ၂.၂ |

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေအချိုးကို ပုံ (၁) တွင် ဖော်ပြထားပါသည်။ လူဦးရေအချိုးအများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး (၁၄.၄%)၊ ရှမ်းပြည်နယ် (၁၂.၇%) နှင့် မန္တလေးတိုင်းဒေသကြီး (၁၂.၂%) တို့ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ် (၃) ခု၏ လူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၃၉.၃) ရာခိုင်နှုန်းခန့် ရှိပါသည်။ လူဦးရေအနည်းဆုံးဒေသများမှာ ကယားပြည်နယ် (၀.၆%)၊ ချင်းပြည်နယ် (၀.၇%) နှင့် နေပြည်တော် (၂.၂%) တို့ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၃.၅) ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်း ၁၃

### နည်းပညာအသုံးပြုမှုကလည်း အချက်အလက်များကို တိကျခိုင်မာမှုရှိစေ

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံးဟုဆိုသော်လည်း ဒေသတချို့၌ လုံခြုံရေးအခြေအနေအရ ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြို့နယ်ပေါင်း ၃၃၀ အနက် ရာနှုန်းပြည့်အဖြစ် ၁၄၅ မြို့နယ်၊ တစ်စိတ်တစ်ပိုင်းနှင့် ရက်တိုးမြှင့်ကာ နောက်ကျကောက်ယူမှုအဖြစ် ၁၂၇ မြို့နယ်ရှိခဲ့ပြီး လုံးဝကောက်ယူနိုင်ခြင်းမရှိသည့် မြို့နယ် ၅၈ မြို့နယ် ရှိခဲ့ပါသည်။ မကောက်ယူနိုင်သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာနှင့် GIS နည်းပညာတို့ကို ပေါင်းစပ်အသုံးပြုဆောင်ရွက်ခဲ့ကြပါသည်။ နည်းပညာအသုံးပြုမှုကလည်း အချက်အလက်များကို တိကျခိုင်မာမှုရှိစေပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်းအရ သန်းခေါင်စာရင်းကောက်ယူရရှိသည့်လူဦးရေ ၃၂၁၉၁၄၀၇ ဦး၊ စာရင်းမကောက်နိုင်သည့်ဒေသများအတွက် နည်းပညာအသုံးပြု ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦး၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ မိမိတို့နိုင်ငံအတွင်းရှိနေသည့် လူဦးရေစုစုပေါင်းမှာ ၅၁၃၁၆၇၅၆ ဦးဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာရင်းအရ အမျိုးသား (ကျား) ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး (မ) ၁၇၀၈၆၁၉၂ ဦးဖြစ်၍ အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုအဖြစ် အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး၌ ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး အနည်းဆုံးမှာ ကယားပြည်နယ်၌ သုည ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း တွေ့ရပါသည်။

သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများနှင့် နှစ်စဉ်ခန့်မှန်းတွက်ချက်မှုအခြေအနေများအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် နှစ်စဉ်လူဦးရေတိုးပွားလျက်ရှိသော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ ၂၀၁၄ ခုနှစ်တွင်ရှိသည့်လူဦးရေထက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်အလက်အရ နိုင်ငံ၏ လူဦးရေတိုးပွားနှုန်းနှင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းသွားလာမှုများကို လေ့လာဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအခြေအနေများကို ဆန်းစစ်ကြည့်ပါက မိမိတို့နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် ဆက်တိုက်ကျဆင်းနေကြောင်း တွေ့ရပါသည်။

**❖ မြန်မာနိုင်ငံရှိ လူဦးရေအနက် မြို့ပြတွင် ၃၁ ရာခိုင်နှုန်းနေထိုင်ပြီး ကျေးလက်တွင် ၆၉ ရာခိုင်နှုန်းနေထိုင်ကြကြောင်း တွေ့ရသည်။ ထို့ပြင် အမျိုးသားလူဦးရေထက် အမျိုးသမီးလူဦးရေက ပိုများနေကြောင်း တွေ့ရှိရပါသည်။ ယင်းစာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိထိရောက်ရောက်အလေးပေးဆောင်ရွက်ရန် လိုအပ်သလို အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လူဦးရေအရွယ်အစားပြောင်းလဲမှုနှင့် လူဦးရေသိပ်သည်းမှုတို့ကိုလည်း သန်းခေါင်စာရင်း ကိန်းဂဏန်းများက ဖော်ပြလျက်ရှိရာ ယင်းအချက်အလက်များက နိုင်ငံ၏ စီးပွားရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အိမ်ရာနေထိုင်မှုကဏ္ဍများစွာ မူဝါဒများ ချမှတ်ရာတွင် အလွန်အရေးပါလှ**

စာမျက်နှာ ၇ သို့

**ကမ္ဘာ့နိုင်ငံအသီးသီးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မလွဲမသွေဆောင်ရွက်ကြရပါသည်။ သို့သော် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သလောက် ငွေကုန်ကြေးကျများပြားသည့်အတွက် နိုင်ငံအများစုက ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူခဲ့ကြပါသည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် လူဦးရေ စုစုပေါင်းကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိနေသူများ၏ အသက်အပိုင်းအခြားအလိုက် ပညာအရည်အချင်း၊ အလုပ်အကိုင် စသည့် လူတစ်ဦးချင်းစီနှင့်ပတ်သက်သည့် အကြောင်းအရာများသာမက အိမ်အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းဖြစ်သည့်အတွက် လူမှုစီးပွားဆိုင်ရာကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့် အချက်အလက်များစွာ စုစည်းရရှိခြင်းပင်ဖြစ်**

*စာမျက်နှာ ၆ မှ*

မိခင်တစ်ဦး၏ ကလေးမွေးနှုန်းသည် နှစ်ဦးအောက် လျော့နည်းနေပြီဆိုပါက အမိ၊ အဖ နေရာပြန်လည်အစားထိုးနိုင်ခြင်းမရှိသည့်အတွက် တဖြည်းဖြည်းလျော့နည်းကျဆင်းနေမည်သာဖြစ်ပါသည်။ သေဆုံးနှုန်းကိုကြည့်ပါကလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအပြင် လက်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် သေဆုံးမှုနှုန်း မြင့်မားသကဲ့သို့ ယင်းဖြစ်စဉ်များကြောင့် မွေးဖွားနှုန်းကိုလည်း သက်ရောက်မှုရှိခဲ့ပါသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့်လည်း လူငယ်အများအပြားသည် ပြည်ပနိုင်ငံများသို့ ထွက်ခွာမှုက ပိုမိုများပြားလာပါသည်။ ထိုအခြေအနေများအရ လူဦးရေက လျော့နည်းလာသည်ဟု သုံးသပ်နိုင်ပါသည်။ သုံးသပ်မှုများအပေါ် လိုအပ်ချက်များကို နိုင်ငံတော်က မူဝါဒများရေးဆွဲကာ ကောင်းမွန်သောအနာဂတ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် လူငယ်၊ လူရွယ်၊ လူလတ်ပိုင်း အလုပ်လုပ်နိုင်သည့် အင်အားအများအပြားရှိနေသည့်အတွက် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်ပါသည်။ ယင်းကာလတွင် လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါက လူငယ်များအတွက်ရော၊ နိုင်ငံအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ယခုအခါ အဆိုပါလူဦးရေဆုလာဘ်သည် အတိုင်းအတာတစ်ခုအထိ လျော့နည်းကျဆင်းသွားနိုင်ပါသည်။ မွေးဖွားမှုနှုန်းကျဆင်းလာပြီး ယခင်လူငယ်များက အသက်အရွယ်တစ်ခုသို့ ရောက်ရှိကြီးရင့်လာသည်နှင့်အမျှ အနာဂတ်ကာလတွင် သက်ကြီးရွယ်အိုဦးရေများပြားလာနိုင်မည်။ အသက်အရွယ်အရ ၎င်းတို့နှင့် သင့်လျော်မည့်အလုပ်အကိုင်များ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည်တို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိထိရောက်ရောက် အလေးပေးဆောင်ရွက်ရန်လိုအပ်**

မြန်မာနိုင်ငံရှိ လူဦးရေအနက် မြို့ပြတွင် ၃၁ ရာခိုင်နှုန်းနေထိုင်ပြီး ကျေးလက်တွင် ၆၉ ရာခိုင်နှုန်းနေထိုင်ကြကြောင်း တွေ့ရသည်။ ထို့ပြင် အမျိုးသားလူဦးရေထက် အမျိုးသမီးလူဦးရေက ပိုများနေကြောင်း တွေ့ရှိရပါသည်။ ယင်းစာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိထိရောက်ရောက်အလေးပေး ဆောင်ရွက်ရန်လိုအပ်သလို အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လူဦးရေအရွယ်အစားပြောင်းလဲမှုနှင့် လူဦးရေသိပ်သည်းမှုတို့ကိုလည်း သန်းခေါင်စာရင်းကိန်းဂဏန်းများက ဖော်ပြလျက်ရှိရာ ယင်းအချက်အလက်များက နိုင်ငံ၏ စီးပွားရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အိမ်ရာနေထိုင်မှုကဏ္ဍများစွာ မူဝါဒများ ချမှတ်ရာတွင် အလွန်အရေးပါလှသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေဆိုင်ရာ အချက်အလက်များအပြင် ပညာရေး၊ စီးပွားရေး၊ မွေးဖွားမှု၊ သေဆုံးမှု၊ ရွှေ့ပြောင်းသွားလာမှု၊ အိမ်အခြေအနေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအကြောင်းကို မေးမြန်းကောက်ယူခြင်းဖြစ်သည့်အတွက် ယင်းအချက်အလက်များသည် ကဏ္ဍပေါင်းစုံ၌ မဖြစ်မနေ အခြေခံအသုံးပြုရမည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသည့်ဝိသေသလက္ခဏာတစ်ခုမှာ သန်းခေါင်စာရင်းအချက်အလက်များသည် ရပ်ကွက်/ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်အထိ လိုအပ်သည့် အချက်အလက်များကို အသုံးပြုနိုင်ရန် ပံ့ပိုးပေးနိုင်ခြင်းဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့်အထိ လူဦးရေဆိုင်ရာအချက်အလက်များ၊ လူတစ်ဦးချင်းစီ၏ နေထိုင်မှုပုံစံနှင့် ဘဝရပ်တည်မှု အကြောင်းအရာများကိုအခြေတည်၍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ရပ်ကွက်/ကျေးရွာအုပ်စုမှသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့် ဖြည့်ဆည်းဆောင်ရွက်ကာ အကျိုးရှိရှိဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာကြီးသည် တစ်နေ့တခြား ခေတ်မီနည်းပညာများ အလျှင်အမြန် တိုးတက်လျက်ရှိပါသည်။ ထို့ပြင် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကလည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပါသည်။ ယင်းအခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်၍ လူသားအကျိုးအတွက် ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို မကြာမီထုတ်ပြန်တော့မည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းမကောက်မီက ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါသည်။ ဆောင်းပါးအမည်က "သားစဉ်မြေးမြစ်အကျိုးဖြစ်မည့် သန်းခေါင်စာရင်း" ဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် သန်းခေါင်စာရင်း မေးခွန်းများနှင့် ဖြေကြားချက်များအပေါ် အသုံးဝင်မည့်အခြေအနေများကို အသေးစိတ်ဖော်ပြထားပါသည်။ ယင်းဖြေကြားချက်များအရ မကြာမီထုတ်ပြန်မည့် ပင်မအစီရင်ခံစာတွင် အချက်အလက်များစွာကို ဖော်ထုတ်ထားမည်ဖြစ်ပါသည်။ အချက်အလက်အသုံးပြုသူများအနေဖြင့် ဖော်ထုတ်ချက်တစ်ခုချင်းအပေါ် မိမိနှင့်သက်ဆိုင်သည့် အချက်အလက်များကို အကျိုးရှိရှိ အသုံးပြုကြရန်သာဖြစ်ပါသည်။ လုပ်ငန်းပမာဏကြီးမားပြီး ငွေကုန်ကြေးကျများပြားသည့် လုပ်ငန်းစဉ်၏ရလဒ်သည် အသုံးပြုမည့်သူအတွက် အဖိုးတန်လှပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သောမူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်၊ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ၏ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံကျကျအသုံးပြုရမည့် လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက်ဟု ဆိုရမည်ပင်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကောက်ယူဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များသည် စာရင်းအဖြစ်ဖော်ပြရုံဖြင့် ရည်ရွယ်ချက်သို့ မပေါက်မြောက်နိုင်ပါ။ ကောက်ယူရရှိသည့် အချက်အလက်များကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်မှသာလျှင် ဖွံ့ဖြိုးမှုရလဒ်ကို ရရှိနိုင်ပါမည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စီမံခန့်ခွဲရေး စသည့် ကဏ္ဍစုံခွဲခြမ်းစိတ်ဖြာအသုံးပြုမှုသာ မိမိတို့နိုင်ငံအတွက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။ ယခု သန်းခေါင်စာရင်းက ကောက်ယူခဲ့ပြီးဖြစ်သလို ခိုင်မာသည့်ကိန်းဂဏန်းအချက်အလက်များက ရရှိနေပြီဖြစ်ပါသည်။ ယင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကာယဆရာ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကာယဆရာ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် JTI Coordinator ဒေါ်ကြည်မြဖော်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူ သင်တန်းသားများ သိသင့်သော အခြေခံအချက်များအား ဒေါက်တာ အောင်ကျော်ဆန်းက လက်တွေ့သရုပ်ပြသကြကာ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ ကာယဆရာ ဆရာမများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



**ပင်းတယမြို့နယ်၌ ကျောက်လမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေ ကွင်းဆင်းစစ်ဆေး**

**ပင်းတယ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းပက်လက်ကျေးရွာနှင့် တမဲကျေးရွာ ကျေးရွာချင်းဆက်လမ်း ကျောက်လမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလွင်ဖြိုး၊ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း အရှည်မှာ ၀/၁ ဒသမ ၇၈ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၂ ဒသမ ၆၆၉ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မြန်မာ – ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးမည်
## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့သည် ယနေ့တွင် မြန်မာ – ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် တည်ဆောက်နေသော မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၏ ရန်ကုန်ဘက်ခြမ်းသို့ သွားရောက်၍ ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတား တစ်ဖက်တစ်ချက်တွင် ပတ်ဝန်းကျင်လူနေအိမ်ရာများအတွက် မော်တော်ယာဉ်များ၏ဆူညံသံများ အနှောင့်အယှက်မဖြစ်စေရေး အသံထိန်းနံရံများ (Noise Barrier) တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ပင်မတံတားနှင့်ဆုံသည့်နေရာ၌ ပင်မတံတားတွဲဆက်နိုင်ရန် ကြိုးဆိုင်းများ တပ်ဆင်ပြီးစီးမှု၊ နောက်ဆုံးအဆင့် တံတားတွဲဆက်ခြင်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကမ်းနားလမ်းဆင်ခြေလျှော တံတားနှစ်စင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေး စီမံကိန်းသည် ပြည်သူများသွားလာရေးအဆင်ပြေစေရန် အကျိုးပြုသည့် လုပ်ငန်းဖြစ်၍ သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရေလယ်တာဝါတိုင် လုပ်ငန်းများနှင့် ရေလယ်ပင်မတံတား ချိတ်ဆက်ခြင်း Segment များ တပ်ဆင်ဆောင်ရွက်ရာတွင် ရေလမ်းကြောင်းမှ သွားလာနေသော ရေယာဉ်များ အန္တရာယ်မရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊ တံတားနှင့် ချဉ်းကပ်လမ်းများ၌ လမ်းညွှန်နှင့် လမ်းအမှတ်အသားများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ထားသည့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် တို့ကို မှာကြားသည်။

**ရေရှည်တည်တံ့ခိုင်မြဲရေး**

ယင်းနောက် ဒလဘက်ခြမ်းရှိ ပင်မတံတား ရေလယ်တာဝါတိုင် (Pylon – 1) သို့ ရေယာဉ်များဖြင့်သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ တံတားအသုံးပြုခ ကောက်ခံရေးစခန်း (Toll Plaza) တည်ဆောက်နေမှုအခြေအနေ၊ တံတားကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေး အဆောက်အအုံ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ – ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကို တန်ချိန် ၁၅၀၀၀ ရှိသည့် ပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်းသွား သင်္ဘောကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရန် တံတားကင်းလွတ်အမြင့် ပေ ၁၆၀ နှင့် အကျယ် ၉၉၈ ပေ ထားရှိပြီး ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တွက်ချက်တည်ဆောက်ထားကြောင်း သိရသည်။

မြန်မာ – ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားသည် မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်၍ တံတားကြီးပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ လွယ်ကူအဆင်ပြေစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၌ လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ တာဝန်ရှိသူများနှင့်အတူ ရထားလမ်းပိုင်းအသီးသီး၌ အသုံးပြုပြေးဆွဲနေသည့် လူစီးတွဲနှင့် ကုန်တွဲများ မြစ်ငယ်စက်ရုံအတွင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် စက်ရုံအတွင်း လူစီးတွဲနှင့်ကုန်တွဲများ ပုံမှန်အချိန်ကျပြုပြင်မွမ်းမံမှုများကို စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ရထားတွဲများ ကြံ့ခိုင်မှု ကောင်းမွန်စေရန်အတွက် အဆင့်လိုက်စစ်ဆေးပြုပြင်မှုများ ပုံမှန်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများနှင့် လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှုတို့ကို အလေးထားလိုက်နာဆောင်ရွက်ရန်၊ စက်အပိုပစ္စည်း (Spare Parts) များကို စနစ်တကျသိုလှောင် ထိန်းသိမ်းထားရှိရန်၊ လူစီးတွဲနှင့် ကုန်တွဲများ ပြုပြင်ရာတွင်လည်း အချိန်မီပြုပြင်ပြီးစီးရေးနှင့် တွဲများ၏ အရည်အသွေးပြည့်ဝစေရေး အလေးထားပြုပြင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) ၌ အသစ်တပ်ဆင် ထုတ်လုပ်နေသည့် လူစီးတွဲသစ်များ အချိန်မီပြီးစီးရေး၊ ကုန်တွဲများ အချိန်မီပြုပြင်ပြီးစီးရေး၊ ဝန်ထမ်းများ အရည်အသွေးနှင့် ကျွမ်းကျင်မှုတိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ ရထားပို့ဆောင်ရေးကဏ္ဍ မြှင့်တင်ရန်အတွက် လူစီးတွဲနှင့် ကုန်တွဲများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမှာ အရေးကြီးသဖြင့် စက်ရုံများအနေဖြင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်ပြီး ဘေးကင်းလုံခြုံသည့်ရထားဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သည့်ရထားတွဲများ ထုတ်လုပ်နိုင်ရေး ကြိုးစားအားထုတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ITPEC Exam အောင်လက်မှတ်ချီးမြှင့်ပွဲ Grade 6 ကျောင်းသား IP Certificate ရရှိ

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ၇ နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်၍ စာမေးပွဲအောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူ ၃၀၀ ကျော်တို့ကို သင်တန်း Certificate များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် အသက် ၁၃ နှစ်အရွယ် Grade 6 ကျောင်းသား မင်းသုတနိုင်က IP Certificate ကို တက်ရောက်ရယူခဲ့သည်။

“ကျွန်တော့်အသက် ၁၂ နှစ်အရွယ်မှာ ပုလဲရတနာမှာ IT ပညာရပ်ကို လေ့လာဆည်းပူးပြီး ကျောင်းတက်ခဲ့ပါတယ်။ အသက် ၁၃ နှစ်မှာ ITPEC Exam ကို ဝင်ရောက်ဖြေဆိုတာ အောင်မြင်ပြီး အခု IP Certificate ကို ရရှိခဲ့ပါတယ်။ အခု FE Course ကို စာတွေ့လက်တွေ့သင်ယူရင်း Software developer course ရဲ့ Project တွေလုပ်နေပါတယ်” ဟု ပြောကြားသည်။

အဆိုပါစာမေးပွဲကို ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT စိတ်ပါဝင်စားသည့်လူငယ်များ ဝင်ရောက်ဖြေဆိုကြရာ မင်းသုတနိုင်မှာ အသက်အငယ်ဆုံး ကျောင်းသားတစ်ဦးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



ကျေးရွာသစ်တောထင်းမျောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။

## မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ရှိကျောင်းဆောင်များ ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန် သီတဂူဆရာတော်ကြီးက အလှူငွေကျပ် သိန်း ၁၀၀၀ လှူဒါန်း



**မန္တလေး ဇူလိုင် ၁၂**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ရှိ ကျောင်းဆောင်များ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ရန်အတွက် သီတဂူဆရာတော်က အလှူငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ မစိုးရိမ်တိုက်သစ်ရှိ ဓမ္မထေရိယသီရိရွှေစင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မထေရိယသီရိရွှေစင်ကျောင်း ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မစိုးရိမ်တိုက်သစ်ရှိ ကျောင်းဆောင်များ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နိုင်ရန်အတွက် သီတဂူဆရာတော်က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဆရာတော်၊ သံဃာတော်များအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နဝကမ္မဝတ္ထုငွေများကို တာဝန်ရှိသူထံလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များက ဝါတွင်း/ဝါပ မဟာသံဃိကဒါန အရုဏ်ဆွမ်းလောင်းပူဇော်



**နေပြည်တော် ဇူလိုင် ၁၂**

အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များ၏ ဝါတွင်း/ဝါပ မဟာသံဃိကဒါန အရုဏ်ဆွမ်းလောင်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ ဝိသာခါဓမ္မာရုံ၌ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့ မရမ်းချို ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပခုက္ကူ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပခုက္ကူမြို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထက်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များက ပျိုးပင်များပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အတူ ခရေပင်၊ ပိတောက်ပင်၊ ရင်းမာပင်၊ မဲဇလီပင် စသည့်ပျိုးပင်ပေါင်း ၆၀၀ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



## တိုက်ကြီးမြို့နယ်၌ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



**တိုက်ကြီး ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်ကာ တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ အသိပညာ ပေး ဟောပြောပွဲနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်းအစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီက လိမ္မော်ခြံကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်မောင်လတ်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငါးရယ်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းတို့က တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း အသိပညာပေး ဟောပြောပြီး ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း လိုအပ်ချက်တို့ကို စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မင်းဘူး(စကု)မြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**မင်းဘူး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း Bakery & Sanck မွမ်းမံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေရောင်တော်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက အဆိုပါသင်တန်း၌ ထူးချွန်သင်တန်းသားငါးဦးအား သင်တန်းထွက်ကုန်ချောပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းသူ ၁၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ကမ္ဘာမြေကြီးကျန်းမာဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

**ကိုကျော်စွာ(ကျိုက်ပိ)**



မိုးဦးလေဦး ယခုကာလ၌ လောကတစ်ခွင်သည် စိမ်းစိုလန်းဆန်းလျက်ရှိသည်။ လျှပ်ပန်းလျှပ်နွယ်တို့က မီးပန်းဆိုင်းဆွဲထားသကဲ့သို့ လင်းလက်လျက်ရှိသည်။ ထိုအခါ မိုးကို ကြိုလင့်နေသောပန်းတို့သည်လည်း ဟိုမှာသည်မှာ အရောင်အသွေးစုံစွာ ဖူးပွင့်နေကြသည်။ ဤကားမိုးရာသီ၏ ပြယုဂ်ပင်ဖြစ်ပါသည်။

နောက်ထပ် မိုးရာသီ၏ ပြယုဂ်တစ်ခုလည်းရှိပါသေးသည်။ ယင်းကား မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလေ့ရှိခြင်းကြောင့် ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင်လည်း ထိုကဲ့သို့ မိုးဖြိုင်ဖြိုင်ရွာသွန်းပြီဆိုပါက မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပြည်သူတို့ စုပေါင်း၍ သစ်ပင်စိုက်ပျိုးလေ့ရှိကြသည်ကို သတင်းစာများ၌ မကြာခဏတွေ့ရပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ မလေးရှားပိတောက်၊ ခရေ၊ တမာ၊ ပိတောက်အပါအဝင် အခြားသော ရွက်လှပင်များနှင့်လေကာပင်များကို နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားများစုပေါင်း၍ စိုက်ပျိုးကြပါသည်။ သစ်ပင်တို့ရှင်သန်နေသမျှ ကာလပတ်လုံး လူသားတို့ အပါအဝင် သက်ရှိသတ္တဝါများ၊ မြေ၊ ရေ၊ လေအစရှိသည့် သဘာဝပတ်ဝန်းကျင်ကိုလည်း ကာကွယ်ပေးသည်။ နောက်ဆုံး လူသားတို့ စည်းကမ်းမဲ့စွာ ခုတ်ပစ်စေဦးတော့ လောင်စာအဖြစ် လူသားတို့အတွက် အကျိုးပြုသွားပါသည်။

ယခုအခါသစ်ပင်များကို လမ်းဘေးဝဲယာများတွင် လည်းကောင်း၊ ကျေးလက်ဒေသများတွင် ဥယျာဉ်ခြံအဖြစ် လည်းကောင်း၊ ဘေးမဲ့တောများနှင့် ကြိုးဝိုင်းကြိုးပြင်တောများအဖြစ် လည်းကောင်း ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းများကို ပြုလုပ်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ပျိုးပင်များပျိုးထောင်၍ ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာများသို့ ဝေပေးထားခြင်းဖြင့် သစ်ပင်ကို စိုက်ပျိုးစေသည်။ ထို့အပြင် သစ်တောစိုက်ခင်းများကို တည်ထောင်ခြင်း၊ စိုက်ခင်းဟောင်းများ၌ သေဆုံးသွားသော သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးခြင်းများပြုလုပ်၍ သစ်တောသစ်ပင်များကို ထိန်းသိမ်းလျက်ရှိပါသည်။

**ဒေသအလိုက် သစ်ပင်စိုက်ပျိုးခြင်းများ**

ယခုအခါ သစ်တောသစ်ပင်၏ အကျိုးကျေးဇူးကို လူတိုင်းသိရှိလာကြပြီးဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း သစ်ပင်များကို တိုးချဲ့စိုက်ပျိုးနေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း သစ်ပင်များကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိပါသည်။ ထိုသို့ စိုက်ပျိုးရာတွင် မိုးဦးကျစ မေလမှပင် စတင်စိုက်ပျိုးခြင်း ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နိုင်ငံတစ်ဝန်းပျိုးပင်ပေါင်း ၉၀ ဒသမ ၁၅ သန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပြီး အပင်ပေါင်း ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်တွင်လည်း အမြင့်နှစ်ပေအထက် ပျိုးပင်ပေါင်း ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်းဖြန့်ဝေပေးထားပြီဟုလည်း သိရှိရသည်။

**သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ**

သစ်တောသစ်ပင်သည် ကမ္ဘာကြီး ရေရှည်တည်တံ့နေစေရန်အတွက် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ သစ်ပင်သည် လူသားတို့ အသက်ရှင်ရေးတွင် အဓိကကျသော အောက်ဆီဂျင်ကို ထုတ်ပေးပြီး လူသားတို့ကို အန္တရာယ်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားလေထုညစ်ညမ်းစေသည့်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပေးနိုင်စွမ်းရှိခြင်းကြောင့် ဖြစ်ပါသည်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ကာကွယ်ပေးနိုင်သည့်အပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ယခုလက်ရှိအချိန်မှာပင် အကျိုးကျေးဇူးကို ခံစားကြရသည်သာမက နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက်လည်း အကျိုးများစေပါသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် (၁)လေထုကို သန့်စင်ပေးနိုင်ခြင်း၊ (၂)ရေအရင်းအမြစ်ကို ချွေတာနိုင်ခြင်း၊ (၃)ရေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ခြင်း၊ (၄)ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်ခြင်း၊ (၅)မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ (၆)ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း၊ (၇)ဂေဟစနစ်ကို ဖန်တီးပေးနိုင်ခြင်း၊ (၈)စားရေရိက္ခာကိုဖန်တီးပေးနိုင်ခြင်း၊ (၉)စွမ်းအင်ကို ထိန်းပေးနိုင်ခြင်း၊ (၁၀)အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်ခြင်းစသည်တို့ ဖြစ်ပါသည်။

**လေထုကိုသန့်စင်ပေးနိုင်ခြင်း**

နေ့စဉ်ရှူရှိုက်နေသော လေထုထဲတွင် မမြင်နိုင်သော အမှုန်အမွှားများစွာပါဝင်နေပါသည်။ ထိုလေထုထဲရှိသေးငယ်သော အမှုန်အမွှားများကို သစ်ပင်၏ သစ်ရွက်များနှင့် သစ်ခေါက်များက စုပ်ယူပေးခြင်းဖြင့် လေထုကို သန့်စင်ပေးပါသည်။ ထို့အပြင် စက်တပ်ယာဉ်အမျိုးမျိုးမှ ထွက်ပေါ်လာသော ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဓာတ်ငွေ့များ၊ အမှိုက်ပုံများနှင့် မွေးမြူရေးခြံများမှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များ၊ ကာဗွန်မိုနောက်ဆိုက်များ၊ အမိုးနီးယားနှင့် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူ၍ လေထုကိုသန့်စင်ပေးပါသည်။

**ရေအရင်းအမြစ်ကို ချွေတာပေးနိုင်ခြင်း**

ရေသည်လည်း သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ရေအသက်တစ်မနက်ဟုပင် ဆိုကြသည်အထိဖြစ်သည်။ ယခုအခါ ရေရှားပါးမှုကိုလည်း ရင်ဆိုင်နေကြရသည်မှာ အားလုံးအသိဖြစ်သည်။ အပူရှိန်လွန်ကဲ၍လည်း အငွေ့ပြန်ခန်းခြောက်မှုများလည်းရှိသည်။ ထို့ကြောင့် သစ်ပင်များများစိုက်ပျိုးပါက ထိုသစ်ပင် အရိပ်များ၏ ဧရိယာအတွင်းရှိ မြက်ခင်းပြင်များရှိရေငွေ့ပြန်မှုကို ထိန်းပေးခြင်းနှင့် သစ်ပင်ရိပ်ကျရောက်နေသော မြစ်ချောင်းအင်းအိုင်အတွင်းမှ ရေများအငွေ့ပြန်ခြင်းကို ကာကွယ်ပေးပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း စိုစွတ်အောင်ဖန်တီးပေးနိုင်သဖြင့် သစ်ပင်များသည် ရေအရင်းအမြစ်ကို ချွေတာပေးနိုင်ပါသည်။

**ရေထုညစ်ညမ်းမှုကိုကာကွယ်ပေးခြင်း**

မိုးရာသီတွင် မိုးသည် သဲသဲမဲမဲရွာသွန်းလေ့ရှိတတ်သည်။ ထိုအခါမြေမြင်ပေါ်ရှိ အမှိုက်သရိုက်နှင့်အညစ်အကြေးများသည် ရေစီးနှင့်အတူ မြစ်ချောင်းများအတွင်းသို့ ရောက်ရှိနိုင်ပါသည်။ မြေမြင်တွင် သစ်ပင်များရှိနေပါက ထိုအပင်၏ အမြစ်များနှင့်အကိုင်းအခက်များက အမှိုက်သရိုက်နှင့်ညစ်ညမ်းရေများကို ရေစစ်သဖွယ်စစ်ယူပေးပြီးနောက် မြေအောက်ရေအဖြစ် သိုလှောင်ပေးပါသည်။

**ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးနိုင်ခြင်း**

ယနေ့ ကမ္ဘာ့အိုဇုန်းလွှာထိခိုက်မှုကြောင့် နေရောင်ခြည်သည် ကမ္ဘာပေါ်သို့ တိုက်ရိုက်ကျရောက်လျက်ရှိပြီး ထိုနေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်သည်လည်း တိုက်ရိုက်ကျရောက်လျက်ရှိပါသည်။ ခရမ်းလွန်ရောင်ခြည်သည် အရေပြားပေါ်ထိတွေ့ပါက အရေပြားကင်ဆာကို ဖြစ်စေနိုင်သည်။ သစ်ပင်များသည် ခရမ်းလွန်ရောင်ခြည်ကို ၅၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ပါသည်။ ထို့ကြောင့် အကာအကွယ်မဲ့၍ လူစုလူဝေးများစွာရှိသောနေရာတွင် သစ်ပင်များများ စိုက်ပျိုးသင့်ပါသည်။

**မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း**

မိုးသည်းထန်စွာရွာသည့်အခါ ရေစီးသန်ပြီး ထိုရေစီးဆင်းရာတစ်လျှောက်တွင် မြေဆီလွှာတိုက်စားမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ သစ်ပင်များသည် ရေစီးအားကို နှေးကွေးစေသဖြင့် ရေစီးအားကြောင့် ဖြစ်ပေါ်လာသော မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း**

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များလာသောကြောင့်ဖြစ်သည်။ ထို့ပြင် လေထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကလည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို အားပေးလျက်ရှိသည်။ ယခုအခါရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာတော့သည်။ သစ်ပင်များသည် အဆိုပါ ဓာတ်ငွေ့များကို စုပ်ယူသည့်အတွက် ထိုဓာတ်ငွေ့များကြောင့် ဖြစ်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ကျလာသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း ဖြစ်ပါသည်။

**ဂေဟစနစ်ကိုဖန်တီးပေးနိုင်ခြင်း**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၅ ချက်တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်သက်ပြီး "ကုန်းမြေဂေဟစနစ်ကို ကာကွယ်ရန်နှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အပြင် ရေရှည်တည်တံ့မည့် နည်းလမ်းများကို အသုံးပြုရာတွင် သစ်တောများကို ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် ထိန်းသိမ်းရန်ဖြစ်သည်။

ဤကား သစ်တောသစ်ပင်များသည် ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ်အတွက် မည်မျှအရေးပါကြောင်း သိသာစေသော အကြောင်းအချက်ပင်ဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့်လည်း ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ထားခြင်းအတွက် သစ်တောများကသာ အထောက်အကူပြုပေးနိုင်ပေလိမ့်မည်။ *စာမျက်နှာ ၁၁ သို့*

❂ **ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များလာသောကြောင့်ဖြစ်သည်။ ထို့ပြင် လေထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကလည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို အားပေးလျက်ရှိသည်။ ယခုအခါရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာတော့သည်။ သစ်ပင်များသည် အဆိုပါဓာတ်ငွေ့များကို စုပ်ယူသည့်အတွက် ထိုဓာတ်ငွေ့များကြောင့် ဖြစ်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျလာသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်**

❏ **၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နိုင်ငံတစ်ဝန်းပျိုးပင်ပေါင်း ၉၀ ဒသမ ၁၅ သန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပြီး အပင်ပေါင်း ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်တွင်လည်း အမြင့်နှစ်ပေအထက် ပျိုးပင်ပေါင်း ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးထားပြီဟုလည်း သိရှိရ**

*စာမျက်နှာ ၁၀ မှ*

**စားရေရိက္ခာကိုဖန်တီးပေးနိုင်ခြင်း**

လူသားအပါအဝင် တိရစ္ဆာန်တို့သည် အပင်များကို အမှီပြုနေကြရသည်။ အပင်များသည် လူသားနှင့်တိရစ္ဆာန်တို့အတွက် အစားအစာကို ပေးသည်။ လူသားတို့သည် အသီးအပွင့်အရွက်နှင့် ဥစသည့် အပင်ထွက်စားရေရိက္ခာများကို အမျိုးမျိုး ပြုလုပ်စားသုံးကြသကဲ့သို့ သက်ရှိများဖြစ်သည့် တိရစ္ဆာန်လေးများသည်လည်း အပင်ထွက် အသီးအရွက်၊ အပွင့်နှင့် ဥများကိုသာ စားသုံးကြသည်။ လူတို့သည် အပင်ထွက်များကို တာရှည်ခံစားရေရိက္ခာများအဖြစ်လည်း ပြုလုပ်စီမံ၍ နှစ်ရှည်ထား စားသုံးကြသည်။ ထို့ကြောင့် အပင်သည် လူသားတို့အတွက် စားရေရိက္ခာကိုပေးသည်ဟု ဆိုခြင်းဖြစ်သည်။

**စွမ်းအင်ကိုထိန်းပေးနိုင်ခြင်း**

ယခုအခါ အပူချိန်မြင့်တက်ပြင်းထန်လာခြင်းကြောင့် လူတို့သည် အပူသက်သာစေခြင်းအလို့ငှာ လေပန်ကာများ၊ လေအေးပေးစက်များကို တွင်ကျယ်စွာအသုံးပြုလာကြသည်။ ထိုပစ္စည်းများကို အသုံးပြုရသဖြင့် လျှပ်စစ်စွမ်းအင်များစွာကို အသုံးပြုနေကြရသည်။ သစ်ပင်များကို စိုက်ပျိုးထားပါက မိသားစုတစ်စုအတွက် အပူချိန် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သဖြင့် သစ်ပင်များများစိုက်ပျိုးလေလေ လေအေးပေးစက်များ အသုံးပြုမှု လျှော့နည်းလေလေဖြစ်သဖြင့် စွမ်းအင်လိုအပ်ချက်ကို လျှော့ချပေးနိုင်ခြင်း ဖြစ်ပါသည်။

**အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်ခြင်း**

သစ်ပင်တို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူ၍ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ စာရေးသူတို့ပတ်ဝန်းကျင်ရှိ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ရောနှောလျက်ရှိနေပါသည်။ ယနေ့စက်မှုခေတ်တွင် ပိုများပါသည်။ ထို့ကြောင့် အရွယ်ရောက်ပြီး သစ်ပင်တစ်ကေ စိုက်ပျိုးမည်ဆိုပါက မိုင် ၂၆၀၀၀ ခန့် မောင်းနှင်ထားသောကားမှထုတ်လွှတ်သည့်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏကို စုပ်ယူပေးနိုင်ကြောင်း သိရပါသည်။ ထို့ကြောင့် သစ်ပင်များများစိုက်လေလေ လေထုညစ်ညမ်းမှုနည်းလေလေဖြစ်ပြီး အောက်ဆီဂျင် ထုတ်လွှတ်မှုပမာဏ များလေလေ ဖြစ်ပါသည်။

**ရှင်သန်ဖြစ်ထွန်းအောင်စိုက်ဖို့လို**

သစ်ပင်စိုက်ရာတွင် စိုက်သမျှအပင်တိုင်းကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုပါသည်။ ယခင်အခါ သစ်တောပြုန်းတီးမှုသည် အဆမတန် ဖြစ်ပေါ်လျက်ရှိနေပါသည်။ ထို့ကြောင့် စိုက်သမျှ ရှင်သန်ဖြစ်ထွန်းရန်လိုအပ်သည်။ သစ်ပင်စိုက်ခြင်းဖြင့် အရိပ်ခိုသူများနှင့် ထိုအပင်ကိုအမှီပြု၍ ကျေးငှက်သာရကာတို့ နေထိုင်ကြသောကြောင့် စိုက်ပျိုးသူသည်လည်း ထာဝရကုသိုလ်ရနေသည်။ ထို့အပြင် သစ်ပင်ထူထပ်သောမြို့ရွာများသည် အပူဒဏ်သက်သာပြီး အေးမြစေပါသည်။ စာရေးသူတို့နိုင်ငံတွင် ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးချိန်များတွင် သစ်တောဦးစီးဌာနမှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများကို ပျိုးပင်များ အခမဲ့ပေးလျက်ရှိပါသည်။

သစ်ပင်စိုက်ပျိုးရာတွင် သတိပြုရမည့်အချက်မှာ စိုက်ပျိုးမည့်အပင် ကြိုက်နှစ်သက်ရာ မြေအနေအထားနှင့် နေရာဒေသဖြစ်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် ထိုအပင် ကြိုက်နှစ်သက်သည့် ရာသီဥတုနှင့် ထိုအပင်ကြိုက်နှစ်သက်သည့် မိုးရေချိန်ဖြစ်ရန်လည်း သတိပြုရပေမည်။ သို့မှသာ စိုက်သမျှ ရှင်သန်ဖြစ်ထွန်းမည်ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အနေဖြင့်လည်း သစ်တောကြိုးဝိုင်းများနှင့် ကြိုးပြင်တောများကို ပြုပြင်ထိန်းသိမ်းလျက်ရှိသည်ကိုလည်းတွေ့ရသကဲ့သို့ သစ်ပင်များ တို့ချဲ့စိုက်ပျိုးနေသည်ကိုလည်း တွေ့ရသည်။ ထိုစနစ်ကြောင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များလည်း ရရှိစေပါသည်။

လူသားတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် ကမ္ဘာမြေပေါ်ရှိ ရှုမြင်ကွင်းအားလုံးနီးပါးကို ပြောင်းလဲရာတွင် သစ်တောနယ်ပယ်များ ပြောင်းလဲမှုလောက် အခြားမည်သည့်ကျယ်ပြန့်မှုမျိုးမှ မရှိကြောင်း ပညာရှင်များက ဆိုကြကြောင်းမှတ်သားဖူးပါသည်။ မှန်ပါသည်။ သစ်တောနယ်ပယ်များ ပြောင်းလဲမှုသည် ကမ္ဘာ့လူသားအားလုံး၏ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ပြောင်းလဲမှုများစွာ ဖြစ်ပေါ်စေပါသည်။ ပြောင်းလဲမှုဟုဆိုရာတွင် ဆုတ်ယုတ်ရာမှ တိုးတက်မှုဖြစ်၍ ပြောင်းလဲလာခြင်းနှင့် တိုးတက်ရာမှ ဆုတ်ယုတ်မှုဖြစ်၍ ပြောင်းလဲလာခြင်းတို့ပင် ဖြစ်ပါသည်။

ဒီလိုပြောင်းလဲမှုဖြစ်စဉ်များထဲတွင် ရာသီဥတုပြောင်းလဲမှုသည် အဓိကအကျဆုံးပြောင်းလဲမှုပင် ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် နွေရာသီဆိုလျှင် အပူဒဏ်ကို အလူးအလဲခံကြရသည်။ ထိုအခါ လေပြည်အေးကို တောင့်တကြပြန်သည်။ ပူတယ်ပူတယ်ဟုသာ အားလုံးက ညည်းတွားနေသော်လည်း ဘာကြောင့် ပူပြင်းနေရလဲဆိုတာကိုတော့ စဉ်းစားဖို့ ကျွန်တော်တို့တစ်တွေမေ့လျော့နေကြသည်။ ဘာကြောင့် ပူပြင်းနေရတာလဲဆိုသည်ကို ကျွန်တော်တို့ စဉ်းစားအဖြေရှာကြည့်ရမည်မဟုတ်ပါလား။ အပူချိန်မြင့်တက်လာခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများရှိသည့်အနက် ကမ္ဘာ့သစ်တောများ ပြုန်းတီးခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

ကမ္ဘာ့သစ်တောများ ပြုန်းတီးမှု၏ အဓိက အကြောင်းရင်းမှာ ဆင်းရဲသောနိုင်ငံများတွင် သန်းပေါင်းများစွာသော လူတို့သည် ယင်းတို့၏ ဘဝရပ်တည်နေနိုင်ရေးအတွက် သီးနှံစိုက်ပျိုးမြေရရှိရန်၊ ထမင်းနှင့်ဟင်း ချက်ပြုတ်စားသောက်ရန်အတွက်၊ ကျွဲ၊ နွားစသည့် တိရစ္ဆာန်များ၏ အစားအစာများအတွက် သစ်တောသယံဇာတများအပေါ် မှီခိုရပ်တည်နေကြသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိရန် မိမိနိုင်ငံ၏ အဖိုးတန်သစ်မာများကို ဖွံ့ဖြိုးပြီးနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းလည်း ပါဝင်ပေသည်။

သစ်တောပြုန်းတီးမှုသည် လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်ဝါးအမျိုးမျိုးကို လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ခြင်းနှင့် သစ်ပင်များကို အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့်လည်း ပါဝင်ပေသည်။ သစ်တောသစ်ပင်များသည် ရာသီဥတုကို မျှတစေ၏။ ကျေးငှက်တိရစ္ဆာန်တို့အတွက် အသိုက်အမြုံကို ဖန်တီးပေး၏။ မြေဆီလွှာကိုလည်း ထိန်းသိမ်းပေး၏။ ရေတိုက်စားခြင်းကိုလည်း ကာကွယ်ပေး၏။ သစ်တောသစ်ပင်များ ပြုန်းတီးပါက မြေဆီခန်းခြောက်ပြီး ရေတိုက်စားခြင်းကိုလည်း ခံရမည်ဖြစ်သည်။ ထို့ကြောင့် ''တောမဲ့မြေသား၊ ရေတိုက်စား၏''ဟု လည်းကောင်း၊ ''တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏''ဟူ၍လည်းကောင်း ဆိုရိုးစကားထားခဲ့ကြပေသည်။

ထို့ကြောင့် မိုးသစ်တောများ(Rain Forests)နှင့် အပူပိုင်းသစ်တော (Tropical Forests) များကို ထိန်းသိမ်းကြရန်လိုပါသည်။ မိုးသစ်တောများနှင့် အပူပိုင်းသစ်တောများပြုန်းတီးလာပါက ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဆီလွှာပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းလာခြင်းနှင့် ဇီဝမျိုးကွဲများဖြစ်ကြသည့် ကျေးငှက်တိရစ္ဆာန်အမျိုးမျိုး မျိုးသုဉ်းပျောက်ကွယ်လာခြင်းများ ဖြစ်ပေါ်လာပေမည်။

သစ်တောများသည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် အရေးပါလှပေသည်။ အပင်များသည် ကြီးထွားလာသောအခါ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ အပင်များသည် လေထုအတွင်းက ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏကို လျှော့ချထိန်းညှိပေးရာတွင် အဓိကအရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။ ယခုမျက်မှောက်ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံများမှ ထုတ်လွှတ်သော ဓာတ်ငွေ့များနှင့် အမျိုးမျိုးသောနေရာမှထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲတွင်မြောက်မြားစွာရှိနေပါသည်။ အကယ်၍သာ သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိဘဲ ယခင်ထက်များပြားလာပါက လေထုထဲရှိများပြားသော ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူထိန်းချုပ်နိုင်ပြီး လုံလောက်သော အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များဖြင့် စိမ်းစိုလှပသောနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သို့သော် သစ်တောသစ်ပင်များ ပြုန်းတီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ကာ လူပေါင်းများစွာသေကျေခဲ့ရဖူးသည်။ ဤသို့ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရဖူးသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားခြင်းလည်း ကြုံခဲ့သည်။ ''အရင်းစစ်အမြစ်မြေက'' ဆိုသလို အဓိကပြဿနာသည် သစ်တောပြုန်းတီးမှုကြောင့်ဟု တဖြည်းဖြည်းနားလည်သိမှတ်ရခဲ့ကြသည်။

ယခုနောက်ပိုင်းကာလများတွင် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အတူ အောက်ပါရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ (၁)စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများ တည်ထောင်ခြင်း။ (၂)သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း။ (၃)ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း။ (၄)သဘာဝသစ်တောထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း။ (၅)သစ်တောကြိုးဝိုင်းများ သတ်မှတ်ခြင်း။ (၆) ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် သစ်တောသစ်ပင်များ မပြုန်းတီးစေရန် ကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်မူ နှစ်စဉ် ဇွန်လမှစ၍ အခြေခံကျောင်းများ၊ သက်ဆိုင်ရာဌာနအလိုက် သစ်ပင်များကို စိုက်ပျိုးလျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့်လည်း အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ပူးပေါင်းပါဝင်၍ သစ်ပင်များကို စိုက်ပျိုးလျက်ရှိသည်မှာ အားရကျေနပ်စရာပင် ဖြစ်ပါသည်။

သစ်တောသစ်ပင်သည် ရတနာထိုက်လာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းလုံးတွင် အဓိကအလေးထားကာ စိုက်ပျိုးလျက်ရှိပါသည်။ ၁၉၅၂ခုနှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာလုပ်ငန်းအဖွဲ့က ''ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့''ကို သတ်မှတ်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်ပင်စိုက်ပျိုးရေးနေ့ကို သစ်တောသစ်ပင် ပြုစုထိန်းသိမ်းသည့်အနေဖြင့် သတ်မှတ်စိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လအလိုက်သစ်ပင်စိုက်ပျိုးရေးနေ့များ သတ်မှတ်ကြသည်ဖြစ်ရာ မိမိတို့အားလုံး တတ်စွမ်းသမျှ ကမ္ဘာကြီး ကျန်းမာစေရေးအတွက် သစ်ပင်စိုက်ပျိုးကြစေရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

## ရေကြည်မြို့နယ်၌ မီးဘေးလုံခြုံရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**ရေကြည် ဇူလိုင် ၁၂**

ရေကြည်မြို့နယ်အတွင်းရှိ Max Energy စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ဇူလိုင် ၁၁ ရက်က မီးဘေးလုံခြုံရေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းကို ပြုလုပ်ခဲ့သည်။



အဆိုပါ သရုပ်ပြပွဲတွင် ရေကြည်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်က မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ သဲအိတ်များ ထားရှိရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုလိုက်နာ ဆောင်ရွက်သွားရေး အသိပညာပေး ဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက အမြန်ဆုံး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ ငြိမ်းသတ်နည်းများကို ဆီဆိုင်ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဒလ ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရခိုင်ချောင် (တောင်) လမ်းဆုံမှ လိပ်ကုန်း - အနိုးချောင်ကြီး ကျေးရွာချင်းဆက်လမ်း မြေကြီးတာပေါင်ချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ယမန်နေ့က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံသည့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဒလမြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံရိုးရာခြင်းလုံးပြိုင်ပွဲ ဆုပေးပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်-၁၈ အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်သည်။



ဦးစွာ အမှတ်-၁၈ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနလုံးလှသည့် လူကောင်းလူတော်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် စာဖတ်ခြင်းအလေ့အထကို ပြုလုပ်ရန်နှင့် ကိုယ်ချင်းစာတရားထားရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရန်အတွက် သုတစာပေ၊ ရသစာပေများကိုလည်း ဖတ်ရှုလေ့လာမှတ်သားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက AI အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောမည့် Naypyitaw State Polytechnic University မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းပပအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှတ်-၁၈ အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများနှင့် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ Naypyitaw State Polytechnic University မှ ဒုတိယပါမောက္ခချုပ် က AI အကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာ တာဝန်ခံက ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိ မေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်သို့ သွားရောက်၍ နေပြည်တော်ကောင်စီက ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသူများက ထိုင်းငါးခုံးမနှင့် ငါးမြစ်ချင်း စုစုပေါင်းကောင်ရေ ၅၀၀၀ ကို စုပေါင်းငါးမျိုးစိုက်ထည့် ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပျဉ်းမနားမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသော မြို့နယ်အသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို နေပြည်တော်ကောင်စီဝင်များက ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသော ပျဉ်းမနားမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားကြီးနှင့် ငွေသားဆုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်းကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီးချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ရှင်းလင်းပြသပြီး လက်တွေ့သရုပ်ပြမဲပေးခြင်းပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြ မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မဲပေးစက်များ သယ်ယူမှုနှင့် ပက်သက်၍လည်းကောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံနည်းစနစ်များနှင့် မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ် မဲပေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မှော်ဘီမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းအား ကွင်းဆင်းစစ်ဆေး

**မှော်ဘီ ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ဖြင့် ဆောင်ရွက်သွားမည့် ဝါးနက်ချောင်း ကျေးရွာအုပ်စု ဝါးနက်ချောင်း- သရက်သုံးပင် - ရွှေပြည် ကျေးရွာချင်းဆက်လမ်းအား ဇူလိုင် ၁၁ ရက်တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**ကောင်းမြတ်သူ(မှော်ဘီ)**

❒ *ကျောဖုံးမှ*

လိဂ်ဖလားနှင့် ပရီမီယာလိဂ်အမှတ်ပေးဖလားတို့ကို ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။

ဂျိုတာသည် ၎င်း၏ညီ အန်ဒရီဆေးဗားလ်နှင့် အတူ ဇူလိုင် ၃ ရက်က စပိန်နိုင်ငံ ဇာမိုရာပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုအတွင်း ဆုံးပါးသွားခဲ့ပြီ ဖြစ်သည်။

လီဗာပူးအသင်းသည် ဂျိုတာ၏ ဇနီးသည် ရူတီကာဒီဆို၊ ၎င်း၏ မိသားစုဝင်များနှင့် တိုင်ပင်ဆွေးနွေးပြီး နောက် အဆိုပါ ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ပေါ်တူဂီလက်ရွေးစင်ကစားသမား ဂျိုတာသည် လီဗာပူးအသင်း၏ ထာဝရကျောနံပါတ် ၂၀ အဖြစ် ရှိနေတော့မည် ဖြစ်သည်။

**အောင်ဇော်**

# မင်္ဂလာဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် လူငယ်နှင့် E- စီးကရက်အန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ လူငယ်နှင့် E-စီးကရက် အန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေး Talk Show ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ကြက်ခြေနီကော်မတီမှ ကော်မတီဝင် ဆရာဦးနေဆန်းက "E-စီးကရက် (Vape) သောက်သုံးခြင်းဟာ ဆေးလိပ်၊ စီးကရက်များ သောက်သုံးခြင်းလိုပဲ သုံးစွဲသူတွေရဲ့ အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေပါတယ်။ သုံးစွဲသူမှာ ကင်ဆာရောဂါ အမျိုးမျိုးဖြစ်ပွားနိုင်ခြေ အလွန်မြင့်မားစေပါတယ်။ အဲဒီ E-စီးကရက် (Vape) အငွေ့ထဲမှာ အန္တရာယ်ရှိ ပစ္စည်းတွေကတော့ အငွေ့ပြန်လွယ်တဲ့ အော်ဂဲနစ် ဒြပ်ပေါင်းတွေ၊ နီကိုတင်း၊ ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေ၊ နီကယ်၊ သံဖြူ၊ ခဲသား စတဲ့ သတ္တုပစ္စည်းတွေ၊ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ အမှုန်တွေ၊ အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ ရနံ့အရသာပေးတဲ့ ဓာတုပစ္စည်းတွေ ပါဝင်နေပါတယ်။ လူငယ်တွေအနေနဲ့ လုံးဝ(လုံးဝ) စမ်းသပ်မသောက်သုံးသင့်ပါဘူး" ဟု ထည့်သွင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**












❖*ကျောဖုံးမှ*

ဇူလိုင် ၇ ရက်မှ ၁၁ ရက်အတွင်း ထိတွေ့မှုဖြစ်စဉ်တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ သုံးဦး သေဆုံးခဲ့ပြီး ရန်သူ့ထံမှ လက်နက်ငယ်မျိုးစုံ ၁၅ လက်နှင့် ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ မိမိအရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ပင်လောင်း- ဖယ်ခုံ - မိုးဗြဲ - လွိုင်ကော် ဆက်သွယ်ရေး လမ်းမကြီးအား ပြန်လည် ဖွင့်လှစ်နိုင်ခဲ့သဖြင့် လွိုင်ကော်မြို့မှ ပြည်သူများ အနေဖြင့် ဟိုပုံး၊ တောင်ကြီးမြို့နှင့် အောင်ပန်း၊ ကလောမြို့များမှ တစ်ဆင့် နေရာဒေသအနှံ့သို့ နှစ်သက်ရာ၊ သင့်ရာ ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် သွားလာ နိုင်ကြပြီဖြစ်ကာ လွိုင်ကော်မြို့သို့ ကုန်စည် စီးဝင်၊ စီးထွက်မှုများမှာလည်း ပိုမိုလွယ်ကူလျင်မြန်ခြင်းမှတစ်ဆင့် လွိုင်ကော်မြို့နှင့် လက်ရှိပဋိပက္ခဒဏ်သင့် မြို့ရွာများရှိ ဒေသခံပြည်သူလူထုများ၏ အခြေခံ စားကုန်၊ လူသုံးကုန်ပစ္စည်းများ ခက်ခဲ၊ ရှားပါးမှု၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုတို့မှလည်း အထိုက်အလျောက် သက်သာစေမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ဝမ်းသာပီတိဖြစ်ရမှုတို့ကိုလည်း ယခုလို ကြားသိရပါသည်-

**၁။ အမျိုးသမီး**

ကားလမ်းတွေပိတ်သွားတော့ အခက်အခဲက တော်တော်ကြုံရပါတယ်။ ကားလေးတွေလည်း လာလို့ မရတော့ဘူး။ ကုန်သွယ်စီးဆင်းမှုလည်း ရပ်သွားတဲ့အခါကျတော့ စားဝတ်နေရေးတွေ၊ ကုန်ဈေးနှုန်းတွေလည်း ကြီးသွားပါတယ်။ ဘာပစ္စည်းမှ ဝယ်စားလို့မရဘူး။ ရှိတဲ့ဟာတွေလည်း အလုအယက်ဝယ်စားရပါတယ်။ ကျန်းမာရေးဆိုလည်း လမ်းတွေပိတ်ထားတော့ ချက်ချင်းသွားလို့ လာလို့ မရဘူး။ အခက်အခဲတွေ အများကြီး ကြုံရတာပေါ့။ အရင်လို ဆေးရုံအမြန်ရောက်ရမယ့် လူနာတွေဆိုလည်း မရောက်ဘူးပေါ့။ အဓိကက ကလေးသူငယ်တွေ ကျောင်းတွေပိတ်ထားတဲ့အခါ ကျောင်းမတက်လိုက်ရဘူး။ ပညာဆက်လက်သင်ကြားခွင့် မရတော့ဘူး။ ခုကားလမ်းတွေ ပြန်ဖွင့်သွားပြီဆိုတော့ ရှေ့လျှောက်ဆိုရင် ကားတွေလာလို့ရပြီ။ ဒေသခံတွေ အကုန်လုံးက တောင်သူလယ်သမားတွေဆိုတော့ ဒီမှာစိုက်ပျိုးထားတဲ့ သီးနှံတွေကိုလည်း ဈေးထဲမှာ ရောင်းလို့ရတယ်။ လာဝယ်တဲ့သူကလည်း ဒီအထိလာဝယ်လို့ ရတာပေါ့။ တကယ်လို့ ကိုယ်ပို့ချင်တဲ့ ပစ္စည်းတွေဆိုရင်လည်း အောင်ပန်းအထိသွားပို့လို့ရတာပေါ့။ အဲဒါဆိုရင် ဈေးနှုန်းတွေလည်း ခါတိုင်းထက်ပိုပြီး ကောင်းကောင်းမွန်မွန်ရတယ်။ ချိုချိုသာသာလည်း ဝယ်စားနိုင်တယ်။ ဘာပဲဖြစ်ဖြစ်လိုချင်တာတွေလည်း အကုန်ရမယ်ပေါ့။ အဓိကပြောချင်တာက ကျန်းမာရေးဖြစ်ပါတယ်။ နေမကောင်းတဲ့ သူဆိုရင်လည်း ဆေးရုံအမြန်ဆုံး သွားရမယ်ဆိုရင် အချိန်မီ ပို့လို့ရတာပေါ့။ ပညာရေးဆိုလည်း ကျောင်းပြန်ဖွင့်မယ်ဆိုရင် ကလေးတွေလည်း ပြန်ပြီးတော ကျောင်းတွေနေလို့ရတာပေါ့။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကအစ အဘက်ဘက်က အကုန်လုံး အဆင်ပြေသွားတာပေါ့။ အခုလို လမ်းပွင့်သွားတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဘာလို့လဲဆိုရင် ဒေသခံပြည်သူတွေ အကုန်လုံး၊ အားလုံးက ကိုယ့်ရဲ့ဒေသမှာ စည်စည်ကားကားနဲ့ ပြန်လာနေချင်ကြတာဆိုတော့ အဲဒီလိုမျိုး အဆင်ပြေသွားရင်တော့ အကောင်းဆုံးပါပဲ။

**၂။ အမျိုးသား**

အခုက ကျွန်တော်က လွိုင်ကော်နဲ့ အောင်ပန်းပြေးဆွဲနေတဲ့ ကားဆရာဖြစ်ပါတယ်။ လမ်းတွေ တစ်ကြွေ့တစ်ပတ် မပတ်ရတော့ ပိုနီးသွားတာပေါ့။ လမ်းတွေပွင့်သွားတော့ ကျွန်တော်တို့ သွားလာရတာ ကုန်ကျစရိတ် သက်သာသွားတာပါတယ်။ ဒီလမ်းပွင့်သွားတော့ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။

**၃။ အဘွား**

ရွာကနေတောင် ထွက်လို့မရပါဘူး။ ကျွန်မတို့ ယာယီတိုက်ပွဲရှောင်တာတွေလည်း အဝေးကြီးကို ရှောင်ရပါတယ်။ ခုရွာလမ်းတွေလည်း ဖွင့်လာပြီဆိုတော့ ကျွန်မတို့ သွားရေးလာရေးအခက်အခဲတွေ အဆင်ပြေချောမွေ့သွားပါတယ်။ သွားလို့လာလို့ လွယ်ကူသွားပါတယ်။ ကုန်ဈေးနှုန်းတွေလည်း ကျဆင်းလာမယ်လို့ ထင်ပါတယ်။ ကျွန်မတို့ ရွာမှာ ကျောင်းတွေလည်း ဖွင့်လာပြီ၊ ဆေးပေးခန်းတွေလည်းဖွင့်လာပြီဆိုတော့ ကျွန်မတို့အတွက် အများကြီး အကျိုးကျေးဇူးတွေရှိလာပါတယ်။ ဖွင့်ပေးဖို့ လုပ်ဆောင်ပေးကြတဲ့ အထက်လူကြီးတွေရောအားလုံးကို ကျေးဇူးတင်ပါတယ်။ အများကြီးလည်းဝမ်းသာပါတယ်။ ကျွန်မတို့ သွားလို့လာလို့ လွယ်ကူလာတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**



အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် မိုးဗြဲ-လွိုင်ကော်သွားကားလမ်းအား တပ်မတော်က ပြန်လည်ထိန်းချုပ်ရရှိမှု။



အကြမ်းဖက်သမားများ ခံစစ်စခန်းပြုလုပ်ခဲ့သည့် ဝါရီကောခူ ဘုရားကျောင်းအား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှု။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိလက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခံစစ်စခန်းပြုလုပ်ခဲ့သည့် ဝါရီကောခူ အထက်တန်းကျောင်း(ခွဲ)အား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှု။

❒ *ကျောဖုံးမှ*

အဆိုပါ ပြိုင်ပွဲတွင် U17 / 18 ကယက် တစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲ၌ မြန်မာမှ ဇေယျာထွန်းက ပထမ (ရွှေ)၊ စင်ကာပူမှ Luke Enrique Diez Thang က ဒုတိယ(ငွေ)၊ မြန်မာမှ ခင်ဇော်လွင်က တတိယ(ကြေး) ဖြင့်လည်းကောင်း၊ Open မီတာ ၁၀၀၀ ကနူး တစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာမှ သန့်ဇင်ဦး ပထမ(ရွှေ)၊ စင်ကာပူမှ Lucas Huan Zhi Kai က ဒုတိယ(ငွေ)၊ မြန်မာမှ ထွဋ်ခေါင်ဇော်ကတတိယ (ကြေး)၊ U15/18 ကနူးတစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာမှ ထွဋ်ခေါင်ဇော်ကပထမ (ရွှေ)၊ စင်ကာပူမှ ဒုတိယ(ငွေ)နှင့် တတိယ(ကြေး)၊ U17/18 ကယက် တစ်ယောက်လှော်မီတာ ၅၀၀ တွင် စင်ကာပူမှပထမ၊ မြန်မာမှ ဇေယျာထွန်းက ဒုတိယ (ငွေ)၊ မြန်မာမှ ခင်ဇော်လွင်က တတိယ (ကြေး) တို့ ဆွတ်ခူးရရှိထားကြသည်။ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ကနူး / ကယက် လှေလှော် အားကစားအဖွဲ့သည် ဇူလိုင် ၁၃ ရက်တွင် မီတာ ၂၀၀၊ မီတာ ၃၀၀ တို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ သြစတြေးလျ၊ ဟန်ဂေရီနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# ဗြိတိန်နိုင်ငံ၌ တစ်နှစ်အတွင်း တတိယအကြိမ်မြောက် ပြင်းထန်သည့် အပူလှိုင်းနှင့် ရင်ဆိုင်နေရ

**လန်ဒန် ဇူလိုင် ၁၂**

ဗြိတိန်နိုင်ငံ ဒေသအနှံ့အပြားတွင် ခြောက်သွေ့ပူပြင်းသည့် ရာသီဥတုအခြေအနေနှင့် ကြုံတွေ့နေရပြီး တစ်နှစ်အတွင်း တတိယအကြိမ်မြောက် အပူလှိုင်းနှင့်ရင်ဆိုင်နေရသည်။

ဗြိတိန်နိုင်ငံ၏ အမျိုးသားမိုးလေဝသ ဝန်ဆောင်မှုဌာနဖြစ်သည့် Met Office က ဗြိတိန်နိုင်ငံ နေရာအများအပြားတွင် ယခုသီတင်းပတ်အကုန်အထိ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် ကြုံတွေ့ရမည်ဟု ခန့်မှန်းထားသည်။

ယခုကြုံတွေ့ရသည့် အပူလှိုင်းမှာ ယခုနှစ်နွေရာသီအတွင်း ကြုံတွေ့ခဲ့ရသည့် အပူလှိုင်းများထက် ပိုမိုပျံ့နှံ့ကြောင်း Met Office မှ မိုးလေဝသပညာရှင် စတိဗ်ဝေလ်လင်တန်က ပြောသည်။ ဗြိတိန်ကျန်းမာရေးအေဂျင်စီနှင့် Met Office တို့က ဇူလိုင် ၁၁ ရက်တွင် အင်္ဂလန်ရှိ နေရာအများအပြားအတွက် ကျန်းမာရေးသတိပေးချက် ထုတ်ပြန်ခဲ့သည်။

အင်္ဂလန်သည် ၁၉၇၆ ခုနှစ်မှစတင်၍ အပူပြင်းဆုံးနှစ်နှင့် ကြုံတွေ့နေရသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီက ပြောသည်။ ဇွန်လတွင် ရေလှောင်ကန်များအတွင်း ရေပမာဏမှာ လေးပုံသုံးပုံလျော့ကျသွားပြီး ဒေသအားလုံးတွင် ယခုအခါ ရေသိုလှောင်မှု ပျမ်းမျှနှုန်းအောက်စံချိန်တင် လျော့ကျသွားသည်။

ရာသီဥတု ဆက်လက်ပူပြင်းခြောက်သွေ့ပါက ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဖိအားသက်ရောက်မည်ဟု အေဂျင်စီက သတိပေးထားသည်။

ဆင်ဟွာ



## ဂါဇာ၌ လူသားချင်းစာနာမှု အကူအညီများရယူရန် ကြိုးပမ်းစဉ် ဇူလိုင် ၇ ရက်အထိ လူပေါင်း ၈၀၀ ခန့် သေဆုံးမှုဖြစ်ပွား

**ဂျီနီဗာ ဇူလိုင် ၁၂**

ဂါဇာကမ်းမြောင်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရယူရန် ကြိုးပမ်းစဉ် လူပေါင်း ၈၀၀ ခန့် သေဆုံးမှုဖြစ်ပွားကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးရုံး (အိုအိတ်ချ်စီအိတ်ချ်အာရ်) က ဇူလိုင် ၁၁ ရက်တွင် ပြောသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အိုအိတ်ချ်စီအိတ်ချ်အာရ် ပြောရေးဆိုခွင့်ရှိသူ ရာဗီနာ ရှမ်ဒါဆာနီက ဇူလိုင် ၇ ရက်အထိ ဂါဇာကမ်းမြောင်ဒေသရှိ အကူအညီ ဖြန့်ဝေပေးရေး နေရာများတွင် လူပေါင်း ၇၉၈ ဦး သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ပြောသည်။

သေဆုံးသူ အများစုမှာ သေနတ်ဒဏ်ရာများကြောင့် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖြစ်ပွားမှုအခြေအနေမှာ လက်ခံနိုင်စရာမရှိသော်လည်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ



## တောမီးလောင်မှုများကြောင့် အမေရိကန်အနောက်ပိုင်းရှိ ဂရန်းကင်ညွန် အမျိုးသားဥယျာဉ်၏ နေရာအချို့ ပိတ်ထားရ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၂**

အမေရိကန်အနောက်ပိုင်းရှိ နာမည်ကြီးသဘာဝ အံ့ဖွယ်ဥယျာဉ်ဖြစ်သည့် ဂရန်းကင်ညွန် အမျိုးသားဥယျာဉ်၏ နေရာအချို့ ပြင်းထန်သောတောမီးကြောင့် ပိတ်ထားရသည်ဟု ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် အာဏာပိုင်များက ပြောသည်။

တောမီးကြောင့် ဧကပေါင်း ၈၇၀၀ ခန့် မီးလောင်ခဲ့ပြီးဖြစ်သည်။ ဂရန်းကင်ညွန်အမျိုးသားဥယျာဉ်၏ နေ့သိမ်းရှိ ဧည့်သည်များအားလုံး တောမီးအန္တရာယ်ကြောင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြရန် ဥယျာဉ်အာဏာပိုင်များက ကြေညာချက်ထုတ်ပြန်ထားသည်။

နောက်ထပ် အကြောင်းကြားချက် တစ်စုံတစ်ရာမရမချင်း နေ့သိမ်းရှိကို ဧည့်သည်များ ဝင်ရောက်ခွင့်ပိတ်ထားသည်ဟု ဥယျာဉ်အာဏာပိုင်များက ပြောသည်။ အပူချိန်မှာ ၄၆ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်မားလာနိုင်သည်ဟု ခန့်မှန်းထားသောကြောင့် ပြင်းထန်သည့် အပူဒဏ်အတွက် သတိပေးချက် ထုတ်ပြန်ထားသည်။

ဇူလိုင် ၉ ရက် ညနေပိုင်းမှ စတင်ကာ တောမီး လောင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် သစ်တောဌာနက ပံ့ပိုးပေးထားသည့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု သတင်းအချက်အလက် ဝက်ဘ်ဆိုက်ဖြစ်သော အင်စီဝဘ်၏ ဖော်ပြချက်အရ သိရသည်။

ဇူလိုင် ၁၀ ရက်တွင် တောမီးလောင်မှုမှာ အားကောင်းလာပြီး လေပြင်းတိုက်ခတ်မှု၊ စိုထိုင်းစနည်းမှုနှင့် ခြောက်သွေ့သည့်ရာသီဥတုအခြေအနေများကြောင့် တောမီးလောင်မှု ပို၍အားကောင်းလာခဲ့သည်ဟု အေဂျင်စီ၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ တောမီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

## အာဖရိကတိုက်၌ ကာလဝမ်းရောဂါနှင့် မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၀၀ ကျော်ရှိလာ

**အဒစ်အဘာဘာ ဇူလိုင် ၁၂**

ယခုနှစ်တွင် အာဖရိကတိုက် ဒေသအနှံ့အပြား၌ ကာလဝမ်းရောဂါနှင့် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုများကြောင့် သေဆုံးသူပေါင်း ၄၂၀၀ ကျော် ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က ပြောသည်။

ကာလဝမ်းရောဂါနှင့် မျောက်ကျောက်ရောဂါသည် အဆိုးရွားဆုံး ကူးစက်မှုများအဖြစ်ရှိနေပြီး ယခုနှစ်တွင် လက်ရှိအချိန်အထိ လူပေါင်း ၄၂၇၅ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အာဖရိကသမဂ္ဂကျန်းမာရေးဆိုင်ရာ အေဂျင်စီမှရရှိသော အချက်အလက်များအရ အာဖရိက ၁၂ နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၇၆၁၃၆ ဦးရှိပြီး သေဆုံးသူပေါင်း ၃၆၉၇ ဦးရှိကြောင်း သိရသည်။

ထို့အပြင် အာဖရိက ၂၃ နိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူပေါင်း ၇၉၀၂၄ ဦးရှိပြီး သေဆုံးသူပေါင်း ၅၇၈ ဦးရှိကြောင်း အာဖရိကစီဒီစီက ပြောသည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် အာဖရိကစီဒီစီသည် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို အာဖရိကတိုက်တစ်ခုလုံး၏ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့နောက် မကြာမီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ဆင်ဟွာ

## နော်ဝေအစိုးရက စားရေရိက္ခာဖူလုံမှုရှိစေရန် တောင်ဆူဒန်နှင့် ဟေတီနိုင်ငံတို့သို့ ကန်ဒေါ်လာ ၃ ဒသမ ၉ သန်းခန့် ပံ့ပိုးကူညီ

**အော့စလို ဇူလိုင် ၁၂**

နော်ဝေအစိုးရသည် တောင်ဆူဒန်နှင့် ဟေတီနိုင်ငံတို့သို့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ)မှ ကူညီပေးရန် အမေရိကန် ဒေါ်လာ ၃ ဒသမ ၉ သန်းခန့် (နော်ဝေခရိုနာ သန်း ၄၀) ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံစလုံး၌ စားရေရိက္ခာ မလုံလောက်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများကို တုံ့ပြန်ရန် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

လူဦးရေ၏ ထက်ဝက်ကျော်မှာ ဆာလောင်မှုနှင့် စားရေရိက္ခာ မလုံလောက်မှုကို ခံစားနေရသည့် တောင်ဆူဒန်နိုင်ငံသို့ အရေးပေါ် စားရေရိက္ခာ အကူအညီအဖြစ် နော်ဝေခရိုနာ ၂၅ သန်းကို ပေးအပ်သွားမည် ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အထိ တောင်ဆူဒန်သို့ နော်ဝေ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ စုစုပေါင်း နော်ဝေခရိုနာ ၁၄၇ ဒသမ ၇ သန်း ပံ့ပိုးကူညီပေးထားသည်။

အဆိုပါ အကူအညီ၏ ထက်ဝက်ခန့်မှာ ကုလသမဂ္ဂ အစီအစဉ်နှင့် ကြက်ခြေနီလှုပ်ရှားမှုများမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း သိရသည်။ ကျန်ရန်ပုံငွေများကို နော်ဝေ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ကူညီပေးကြောင်း သိရသည်။

အလားတူ နော်ဝေနိုင်ငံသည် ဟေတီနိုင်ငံသို့လည်း နော်ဝေခရိုနာ ၁၅ သန်းကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# မကွေးမြို့၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်း အခမ်းအနားကျင်းပ

**မကွေး ဇူလိုင် ၁၂**

မီးသတ်ဦးစီးဌာနမှကျင်းပသည့် ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက We Love Magway အနီးညစျေးတန်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ရေပြင်တွင် ဖြစ်ပေါ်လျက်ရှိသော ဘေးအန္တရာယ်များကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သတင်းရလျှင်ရချင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးထွက်ခွာကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ကြရာ သရုပ်ပြတပ်ဖွဲ့က မြေနုကျွန်းပေါ်ရှိရေဘေးသင့်ပြည်သူများကို Assault Boat များအသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းမှု သရုပ်ပြသခြင်း၊ ဆီတင်သင်္ဘောမီးလောင်နေမှုကို သတင်းရရှိချိန်တွင် သင်္ဘောမီးလောင်ရာသို့ Assault Boat၊ Fire Boat Intelligence Lifebuoy များဖြင့် Foam အမြှုပ်ဆေးရည်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေမှုတို့ကို သရုပ်ပြခြင်းနှင့် Intelligence Lifebuoy၊ Fire Boat၊ Speed Boat တို့ဖြင့် စီတန်းမောင်းနှင်ပြီး ဂုဏ်ပြုအလေးပြုခြင်းတို့ကို သရုပ်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မိုင်းရှူးမြို့၌ မြို့နယ်သမဝါယမ အသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မိုင်းရှူး ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြို့နယ်သမဝါယမ အသင်းစုလီမိတက် ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့မစျေး သမဝါယမအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးဖေသိန်းက ရှမ်းပြည်နယ်(တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝတ်ရည်နှင်းက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှု၊ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာဖတ်ကြား တင်သွင်းပြီး အသင်းဝင်ကိုယ်စားလှယ်များထံ အတည်ပြုချက် ရယူခဲ့သည်။ ဆက်လက်၍ သမဝါယမအသင်းစု လီမိတက်၏ အမှုဆောင်သစ်များကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **သန်းလူ(ပြန်/ဆက်)**

# တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြော

**ကလော ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကလောမြို့ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလွင် က တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေး၊ စနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး အသိပညာပေး ဗီဒီယိုပြသ၍ တက်ရောက်လာကြသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့နောက် ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သရုပ်ပြသခဲ့ကြသည်။

ထို့အတူ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကလောမြို့ အမှတ်(၂) အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ တစ်ခါသုံးပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ကလောမြို့မစျေးနှင့် တီးကမ္ဘာ စားသောက်ဆိုင်တို့တွင် Recycle Bag နှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**



# ကျိုင်းတုံမြို့၌ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန တို့ပူးပေါင်း၍ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက်က ကျိုင်းတုံ စိုက်ပျိုးရေး သုတေသနခြံ၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးလှဝင်းက မိုးစပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျိုင်းတုံသုတေသနခြံမှ လက်ထောက်သုတေသနအရာရှိ ဒေါ်ယဉ်မာခိုင်က တိုက်ရိုက်မျိုးစေ့ချ နည်းစနစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အချိန်နှင့်လုပ်အားခ သက်သာပြီး လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်သည့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြ ဆောင်ရွက်ရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုးဝေနှင့် တာဝန်ရှိသူများ၊ ဒေသခံ စပါးစိုက်တောင်သူများက ကြည့်ရှုအားပေး လေ့လာခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံ၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံ၌ကျင်းပရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများနှင့် ပြင်ဦးလွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။



၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mrkyaw Swar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ကျော်စွာဦးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၃၄၅၈၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Nissan Diesel Truck သုံးစီး၊ Hino Ranger Truck တစ်စီး၊ Yar Zar Tun Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၄၅၈၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၅၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

၁၅၁၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့ UPG စက်ရုံအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၆၇၅၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Anhui Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၂၉၂၅၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၆၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၀၁၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

